# အိမ်ဟောင်းများတွင် ရေသွယ်သော ခဲသတ္တုပိုက်များရှိနိုင်သည်။

## သင့်မိသားစု နှင့် သင့်ကိုယ်ကို ကာကွယ်ပါ။ ရေသွယ်သော ခဲသတ္တုပိုက်များကို သင့်အိမ်မှ ဖယ်ရှားပါ။

1937 ခုနှစ်မတိုင်မီ ဆောက်လုပ်သော အိမ်များတွင် ခဲသတ္တုပိုက်များဖြင့် ဆောက်လုပ်နိုင်ခြေရှိသည်။

1981 ခုနှစ်မတိုင်မီ ဆောက်လုပ်သော အိမ်များတွင် ခဲသတ္တုပိုက်များ ရှိလျှင်ရှိနိုင်သည်။

*အိမ်ရာမြေပိုင်ရှင်အတွက် အထူးသတင်းအချက်အလက်သည် စာမျက်နှာ 3 တွင်ရှိသည်




CITY UTILITIES

WATER THAT WORKS

## ခဲသတ္တုကို ဖယ်ရှားပစ်ပါ

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနမှ အရည်အသွေးမြင့်သော ရေကို ထုတ်လုပ်ပြီး သင့်အိမ်ထဲသို့ ဖြန့်ဝေပေးသည်။ ကျွန်ုပ်တို့၏ရေသည် ဖက်ဒရယ်အစိုးရ၏ လမ်းညွှန်ချက်များအရ လိုအပ်သည်ထက် ပိုကောင်းသည်။ သို့သော် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းတွင်းရှိ အချို့သောအိမ်ဟောင်းများတွင် ခဲသတ္တုပိုက် သို့မဟုတ် သွပ်နှင့်ဖုံးထားသော ရေပိုက်များ ရှိနေနိုင်သဖြင့် အိမ်တွင်းသောက်သုံးရေထဲတွင် ခဲပမာဏကို တိုးမြင့်စေနိုင်သည်။



1937 မတိုင်မီ ဆောက်လုပ်သော အိမ်အများစုသည် မြို့တော်၏ ရေဝန်ဆောင်မှုနှင့် ချိတ်ဆက်ရန်အတွက် ခဲသတ္တုပိုက်များကို အသုံးပြုခဲ့သည်။ ယင်းကိုဆောက်လုပ်ခဲ့သည့်အချိန်တွင် အကောင်းဆုံး ရွေးချယ်မှုဖြစ်ခဲ့သည်၊ သို့သော် ယခုအချိန်တွင် ခဲသတ္တုကြောင့် ကျန်းမာရေး ပြဿနာများ ဖြစ်နိုင်စေသည်ကို ကျွန်ုပ်တို့သိရှိရပြီးဖြစ်ပါသည်။

## ခဲသတ္တုနှင့်ထိတွေ့ခြင်းကြောင့် ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှုများ

ခဲသည် အနည်းငယ်သာထိတွေ့မိသည့်တိုင် လူ့ကျန်းမာရေးကို ထိခိုက်နိုင်စေသည့် အဆိပ်ရှိသော သတ္တုတမျိုးဖြစ်သည်။ ခဲသည် ရှိမြဲအတိုင်း ဆက်လက်တည်ရှိနေပြီး အချိန်ကြာလာသည်နှင့်အမျှ သင့်ခန္ဓာကိုယ်ထဲတွင် စုပုံလာနိုင်သည်။

အထူးသဖြင့် အသက်ငယ်သောကလေးများကို ထိခိုက်လွယ်ပြီး ယင်းသက်ရောက်မှုများကြောင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ နှင့် အပြုအမူဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ပျက်စီးနိုင်စေသည်။ ကျန်းမာရေးအပေါ်ခဲ၏သက်ရောက်မှုများနှင့် ပတ်သက်သော အချက်အလက်များကို ပိုမိုသိရှိလိုပါက အောက်ပါ လင့်ခ် မှတဆင့် EPA ၏ ဝဘ်ဆိုက်တွင် ကြည့်ရှုပါ။

https://www.epa.gov/ground-water-and-drinking-water/basic-information-about-lead-drinking-water

## ရေဝန်ဆောင်မှုပိုက်လိုင်း (Water Service Line) ဆိုသည်မှာ အဘယ်နည်း။

ရေဝန်ဆောင်မှုပိုက်လိုင်းသည် ကျွန်ုပ်တို့၏ ပိုကြီးသော ရေပိုက်များနှင့် ချိတ်ဆက်ထားသည့် သင့်အိမ်ထဲမှ ပိုက်အငယ်ဖြစ်ပါသည်။ အဓိကရေပိုက်ကြီး (water mains) ဟုခေါ်သည့် ကျွန်ုပ်တို့၏ ပိုကြီးသောပိုက်များကို ခဲသတ္တုနှင့် ဆောက်လုပ်ထားခြင်းမရှိပါ။ အိမ်ပိုင်ရှင်တဦးအနေဖြင့် အဓိကရေပိုက်ကြီးမှ ပိုက်ခွဲချိတ်ဆက်ရန်နေရာဖြစ်သော ရေပိုက်ကြားခံကိရိယာ (curb box) မှစ၍ သင့်အိမ်ထဲသို့ သွယ်ထားသော ပိုက်အငယ်အတွက် သင့်တာဝန်ဖြစ်ပါသည်။ သင့်အိမ်၏သက်တမ်းအပေါ်မူတည်ပြီး သင်၏ပုဂ္ဂလိကပိုင် ပိုက်ကို ခဲသတ္တုဖြင့် ဆောက်လုပ်ထားနိုင်သည့် အလားအလာရှိသည်။ ပိုမိုဘေးကင်းသည့် ပစ္စည်းများနှင့် အစားထိုးရန်အတွက် သင့်ကိုကူညီချင်ပါသည်။







**အဓိကရေပိုက်ကြီးမှ ခွဲထွက်လာသောပိုက်ငယ် နှင့် ချိတ်ဆက်ရန် ကြားခံကိရိယာ “Curb Box” သည် မြေအောက်ရှိ ရေပိတ်ရန်အဆို့ရှင်နေရာတွင်ရှိပြီး ယင်းရေပိုက်ကြားခံကိရိယာ (curb box) မှ သင့်အိမ်ထဲရှိ ရေမီတာအထိ သွယ်ထားသော ရေပိုက်အစိတ်အပိုင်းအတွက် အိမ်ရှင်၏တာဝန်ဖြစ်သည်။**



## အစားထိုးရန် အစီအစဉ်

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေဖြင့် အိမ်တိုင်းကို ခဲသတ္တုကင်းရှင်းစေချင်သည်။ သို့သော် ခဲသတ္တုပိုက်ကို အစားထိုးရန်အတွက် ပုဂ္ဂလိက ကန်ထရိုက်သမားငှားရန် $6,000 အထိ ကုန်ကျစရိတ်များနိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။

## အကူအညီများရယူနိုင်ပါလိမ့်မည်


ထို့ကြောင့် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနမှ ဧရိယာများကိုစုပြီး ကန်ထရိုက်သမားကို ငွေချက်ချင်းပေးဆောင်ခြင်းဖြင့် အိမ်ဟောင်းများရှိသော ရပ်ကွက်များတွင် စျေးသက်သာစေရန်အတွက် လုပ်ငန်းစဉ်တခုကို စီစဉ်ထားပါသည်။

ယင်းအစီအစဉ်အရ သင်၏ ရပ်ကွက်တွင် ကုန်ကျစရိတ် $2,600 သာပေးဆောင်ရန် စရိတ်များကို လျှော့ထားပေးသည်။ သို့သော် ထိုမျှသာမကပါ။ ကောင်းသတင်းများ ပိုရှိပါသည်။

## ဝင်ငွေကိုအခြေခံသော ကူညီထောက်ပံ့မှု

$2,600 သည်ပင် များနေသေးသည်ဟု မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် နားလည်ပါသည်။ သင့်ရပ်ကွက်အတွက် ပိုမို၍ ဆောင်ရွက်ပေးချင်ပါသည်။ ထို့ကြောင့် ခဲသတ္တုပိုက်များကို အစားထိုးရန် နှင့် စရိတ်သက်သာစေရန် သင့်ရပ်ကွက်အတွက် ကုန်ကျစရိတ် နည်းသော အစီအစဉ်တခု ဖန်တီးထားပါသည်။

လွှတ်တော်မှ အတည်ပြုသော အခြေခံအဆောက်အအုံ ဆိုင်ရာဥပဒေမူကြမ်း၏ အစိတ်အပိုင်းအဖြစ် ဖက်ဒရယ်အစိုးရ၏ ထောက်ပံ့ကြေး တခု ရယူထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ဝင်ငွေကိုအခြေခံသော ကူညီထောက်ပံ့မှုကို ပေးနိုင်ပြီး ငွေကြေးမတတ်နိုင်သော ပုဂ္ဂိုလ်များအတွက် အခမဲ့ အစားထိုးမှု ဆောင်ရွက်ပေးနိုင်စေသည်။




| နှစ်စဉ် အိမ်ထောင်စုဝင်ငွေ (အိမ်ရာမြေပိုင်ရှင်၏ဝင်ငွေ) | စုစုပေါင်း ကုန်ကျစရိတ် | လစဉ် ကုန်ကျစရိတ် (7.5% အတိုးအပါအဝင် 10 နှစ်စာ) |
|---|---|---|
| ဝင်ငွေ $45,000 အောက် | အခမဲ့ | အခမဲ့ |
| ဝင်ငွေ $45,001 မှ $60,000 အထိ | $910.00 | $10.80 |
| ဝင်ငွေ $60,001 မှ $75,000 အထိ | $1,820.00 | $21.60 |
| ဝင်ငွေ $75,001 သို့မဟုတ် အထက် | $2,600.00 | $30.86 |

လစဉ်ပေးချေခြင်း နှင့် ဝင်ငွေကိုအခြေခံသော ကူညီထောက်ပံ့မှုသည် အသေးစားနေအိမ်များ အတွက်သာ ဖြစ်ပါသည်။ သင့်အနေနှင့် ကုန်ကျစရိတ်အတွက် ငွေချေးပါက သင် ပေးရမည့် စရိတ်ကို သင်၏ လစဉ်ပေးဆောင်ရန် ရေခထဲ ထည့်ပေါင်းပါလိမ့်မည်။ ပိုက်အစားထိုးရန်စရိတ်ကို သင့်ရေခထဲ ထည့်ပေါင်းမည်ဆိုပါက ခရက်ဒစ် စစ်ဆေးရန် မလိုအပ်ပါ။ ဘယ်ဘက်ရှိကုန်ကျစရိတ်များသည် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန လုပ်ငန်းအစီအစဉ် ဧရိယာ အတွက်ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် ဧရိယာ၏ အပြင်ဘက်တွင်ဖြစ်ပါက အခြေခံ ကုန်ကျစရိတ်သည် $3,500 ဖြစ်ပါသည်။

# အိမ်ရာမြေပိုင်ရှင်၊ ထပ်ဆောင်း ဆွဲဆောင်အားပေးမှုများ

သင့်အနေနှင့် အိမ်တလုံးထက်ပို၍ ပိုင်ဆိုင်ပါက သင့်အိမ်များအတွက် အခကြေးပိုများသော ရင်းနှီးမြှုပ်နှံမှု ဖြစ်နိုင်သည်ကို ကျွန်ုပ်တို့အနေနှင့် နားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် အရေးကြီးသော အများပြည်သူကျန်းမာရေး အစီအစဉ်တွင် အထောက်အကူဖြစ်စေရန်အတွက် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် ထပ်ဆောင်း ဆွဲဆောင်အားပေးမှုအမျိုးမျိုးကို စီစဉ်ထားပါသည်။

အိမ်ရာမြေငှားနေသူ၏ ဝင်ငွေသည် $45,000 အောက် ဖြစ်ပါက သို့မဟုတ် စရိတ်သက်သာသော/အစိုးရထောက်ပံ့သော အိုးအိမ်ဆိုင်ရာအကူအညီ ရရှိနိုင်သူဖြစ်ပါက $500 လျှော့ပေးမည်။

ပထမအိမ်အတွက် ပိုက်အစားထိုးပြီးနောက် နောက်ထပ် အိမ်တလုံးချင်းစီအတွက် $1,300 လျှော့ပေးမည်။ အဆိုပါ စရိတ်လျှော့ပေးခြင်းသည် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန လုပ်ငန်းအစီအစဉ် ဧရိယာအတွင်းရှိ အိမ်ရာမြေများအတွက်သာ အကျုံးဝင်သည်။ လုပ်ငန်းအစီအစဉ် ဧရိယာ၏အပြင်ဘက်တွင်ရှိနေသော အိမ်ရာမြေများဖြစ်ပါက $1,000 လျှော့ပေးမည်။

## စရိတ်သက်သာသော လျှော့ဈေးတခု။ တကြိမ်တည်းသာ။

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် သင့်ရပ်ကွက်ထဲတွင် ရေမီးဝန်ဆောင်မှုဌာနပိုင် ဖြစ်သော ရေဝန်ဆောင်မှုအတွက် ပိုက်လိုင်းများကို မကြာမီ အစားထိုးပါလိမ့်မည်။ သင့်အိမ်နှင့် ချိတ်ဆက်သည့် ဘေးအန္တရာယ်ရှိသော ခဲသတ္တုပိုက်လိုင်း အစားထိုးမည့်လုပ်ငန်းကို ရပ်ကွက်ဆောက်လုပ်ရေးနှင့် စုပေါင်းမည်ဆိုပါက ကန်ထရိုက်သမားငှားရမည့် စုစုပေါင်း ကုန်ကျစရိတ်ကို သက်သာစေရာ ရောက်သည်။ ထို့အတူ ဈေးလျှော့ပေးခြင်းသည် သင့်အတွက် အမှန်တကယ် ငွေချွေတာစေသည်။ ဤအထူးကမ်းလှမ်းချက်သည် သင့်အိမ်ပိုင်နက်ထဲရှိ သင်ပိုင်ဆိုင်သော ရေပိုက်လိုင်း အစိတ်အပိုင်းနှင့်သာ သက်ဆိုင်မှုရှိသည်။




ဝင်ငွေပေါ်အခြေခံသော အကူအညီကို မည်သို့ရယူနိုင်ခွင့် ရှိသည်ကို လက်ကမ်းစာစောင်၏ စာမျက်နှာ 3 တွင် ဖတ်ရှုကြည့်ပါ။ ဆိုလိုရင်းမှာ သင့်အနေနှင့် ပိုက်ဆံ ချွေတာနိုင်သည်၊ အိမ်ကို တိုးတက်ကောင်းမွန်ရန် လုပ်ဆောင်နိုင်သည်၊ ထို့အတူ၊ အရေးအကြီးဆုံးအနေဖြင့် သင်နှင့်သင့်မိသားစုကို ကာကွယ်နိုင်သည်။

## ဆောင်ရွက်ရန်အချိန်သည် ယခုချိန်ဖြစ်ပါသည်။

ယခုလုပ်ဆောင်ပါ

သင့်အိမ်၏ ဘေးမကင်းသော ခဲသတ္တုရေပိုက်ကို အစားထိုးရန်အတွက် အရေးကြီးသည်၊ ဖက်ဒရယ် အစိုးရအနေနှင့် အိမ်ပိုင်ရှင်အားလုံးကို မဖြစ်မနေ အစားထိုးခိုင်းရန်အတွက် စဉ်းစားနေသည်။ အမှန်အားဖြင့်၊ နောင်တွင် အိမ်ဝယ်မည့်သူများ သို့မဟုတ် အိမ်ငှားမည့်သူများအနေနှင့် သေချာစွာ အပြည့်အစုံ သိရှိနိုင်ရန်အတွက် ခဲသတ္တုပိုက်လိုင်းရှိသော အိမ်လိပ်စာများ မှန်သမျှကို အများပြည်သူ သိရှိစေရန်အတွက် ယခုအချိန်တွင် ရေမီးဝန်ဆောင်မှုဌာနအားလုံးကို ဖော်ပြခိုင်းပါသည်။

ငွေချွေတာရန်အတွက် နှင့် သင်၏ ခဲသတ္တုရေပိုက်ကို အစားထိုးရန်အတွက် ယနေ့တွင် ဆုံးဖြတ်ချက်ကောင်း ချပါ။ ဤစရိတ်သက်သာမှုသည် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် သင့်ရပ်ကွက်တွင်း ရေဝန်ဆောင်မှုပိုက်များကို အစားထိုးနေသော ကာလအတွင်းသာ ကမ်းလှမ်းမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အပိုင်းကို ဆောင်ရွက်ပြီးသောအခါ အခြားသော ရပ်ကွက်များသို့ ပြောင်းသွားမည်ဖြစ်ပြီး ဤအထူး လျှော့ဈေးကမ်းလှမ်းချက်ကို ပေးနိုင်တော့မည်မဟုတ်ပါ။ တကြိမ်တည်းသာဖြစ်သော အဖိုးတန်သည့် ဤကမ်းလှမ်းချက်ကို ကျော်မသွားပါနှင့်။






**90 ရာခိုင်နှုန်း လျှော့ဈေးရရှိရန်အတွက် ဤပို့စ်ကဒ်ကိုပြန်ပို့ပေးပါ။!**

ခဲသတ္တုကို ဖယ်ရှားပစ်ပါ။ ရေသွယ်သည့် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနမှ သင်၏ပုဂ္ဂလိကပိုင် ဘေးမကင်းသော ခဲသတ္တုပိုက်ကို အစားထိုးရန်အတွက် ကူညီမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်၏ 90 ရာခိုင်နှုန်းအထိ ငွေပေးဆောင်မည့် ငွေကြေးကူညီထောက်ပံ့မှုကို သင့်အနေနှင့်ရရှိနိုင်ခွင့် ရှိလျှင်ရှိနိုင်သည်။ သတင်းအချက်အလက်ပိုမိုရရှိလျှင် အကျိုးရှိပါသည်။

နာမည်၊ ____________________

အိမ်လိပ်စာ၊ ____________________

မြို့ ပြည်နယ် စာတိုက်နံ ပါတ်၊ ____________________

ဖုန်းနံပါတ်၊ ____________________

အီးမေးလ်၊ ____________________

တခုရွေးချယ်ပါ၊ ☐ ဟုတ်...သတင်းအချက်အလက် ပိုမိုသိရှိလိုပါသည်

☐ မလိုပါ... မပါဝင်လိုပါ

Project Name:

WO#:

CITY UTILITIES

WATER THAT WORKS

## ယခုအကြောင်းပြန်ပါ။

**ပြန်ပို့ရန် စာတိုက်စရိတ်ကြိုပေးထားပြီးသော ဤပို့စ်ကဒ်ကို မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန (City Utilities) ထံသို့ ပြန်ပို့ပါ၊ ဘယ်ဘက်ရှိ QR ကုဒ်ကို စကန်ဖတ်ပြီး မေးခွန်းနှစ်ခုပါသော စစ်တမ်းကို ဖြေဆိုပါ၊ သို့မဟုတ် သင့်တွင်မေးခွန်းရှိလျှင် ဖြေဆိုပေးရန်နှင့် လုပ်ငန်းစဉ်ကို ရှင်းပြရန်အတွက် တဦးဦးနှင့် စကားပြောလိုပါက 427-1234 ထံ ဖုန်းဆက်ပါ။ ပို့စ်ကဒ်ကို ပြန်ပို့ခြင်း၊ စစ်တမ်းကို ဖြေဆိုခြင်း၊ သို့မဟုတ် ဖုန်းဆက်ခြင်းသည် သင့်အနေနှင့် အကြောင်းအရာကို ပိုမိုသိရှိလိုကြောင်း ဖော်ပြခြင်းဖြစ်သည်၊ အစီအစဉ်ကို ဆက်လုပ်ရန်အတွက် အခိုင်အမာဆုံးဖြတ်ခြင်း မဟုတ်ပါ။ "ဟုတ် (YES)" ဟု ဖြေဆိုထားပါက သင့်ထံသို့ နောက်ထပ်အချက်အလက်များ နှင့် ဤစီမံချက်တွင် ပါဝင်ရန်အတွက် သဘောတူစာချုပ်ကို ပို့ပေးမည်။**

CITY UTILITIES
WATER THAT WORKS

Citizens Square,
200 E. Berry, Suite 270
Fort Wayne, IN 46802

260-427-1234 ထံဆက်သွယ်ပြီး
ခဲသတ္တုပိုက် အစားထိုးခြင်း (lead service line replacement) အကြောင်းကို မေးပါ။